# ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂) နောက်တွင်၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ဤအက်ဥပဒေ အခြားနေရာတွင် မည်သို့ပင် ပါရှိစေကာမူ၊ မှတ်ပုံဝင် ဆရာဝန်တဦးဦးသည်၊ ရာဇသတ်ကြီးပုဒ်မ ၃၁၂၊ ၃၁၂-က၊ ၃၁၂-ခ၊ ၃၁၂-ဂ၊ ၃၁၂-ဃ၊ ၃၁၃၊ ၃၁၄၊ သို့တည်းမဟုတ် ပုဒ်မ ၃၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ကောင်စီက၊ ယိုဆရာဝန်၏အမည်ကို၊ မှတ်ပုံစာရင်းမှငင်း၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က၊ ထိုဆရာဝန်၏အမည်ကို၊ ဆရာဝန်အမည်စာရင်းမှငင်း ထုတ်ပယ်ရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင် ထိုဆရာဝန်က အယူခံလျှင်၊ အယူခံမှု အပြီးအပြတ် ဆုံးဖြတ်ပြီးမှ၊ သို့တည်းမဟုတ် အယူမခံလျှင်၊ အယူခံရန် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားစေ့ကုန်ပြီးမှ၊ ဤပုဒ်မခွဲအရ အရေးယူဆောင်ရွက်ရမည်"။